## လက်အောက်ခံ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့ နှင့် ဒါရိုက်တာ အဖွဲ့ ပြောင်းလဲဖွဲ့စည်းခြင်း

ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သည့် ရိုးမဘဏ်လီမိတက် ("ရိုးမဘဏ်" သို့မဟုတ် "ဘဏ်") ၏ စီမံခန့်ခွဲရေးအဖွဲ့ နှင့် ဒါရိုက်တာ အဖွဲ့ ပြောင်းလဲဖွဲ့စည်းမှုကို အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**Mr. Hal George Bosher ("Mr. Bosher") အား ရိုးမဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် နှင့် ရိုးမကုမ္ပဏီအုပ်စု၏ CEO ရုံးအဖွဲ့တွင် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများဆိုင်ရာ ဒါရိုက်တာအဖြစ် ရွေးချယ်တင်မြှောက်ခြင်း**

လက်ရှိတွင် ရိုးမဘဏ်၏ အမှုဆောင်အရာရှိချုပ်အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသော Mr. Bosher အား ရိုးမဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်မည်ဖြစ်ပြီး ရိုးမကုမ္ပဏီအုပ်စု၏ CEO ရုံးအဖွဲ့တွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ဒါရိုက်တာအဖြစ် ရာထူးတာဝန်အသစ်တွင် ပြောင်းလဲ တာဝန်ထမ်းဆောင်သွားမည် ဖြစ်သည်။ သူသည် ရိုးမကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်ဖြစ်သော Mr Melvyn Pun ထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရမည် ဖြစ်သည်။ ရာထူးတာဝန်ပြောင်းလဲထမ်းဆောင်ခြင်းအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှစတင်မည်ဖြစ်ရာ ယင်းမတိုင်မီကာလကြားတွင် သူသည် ရိုးမဘဏ်၏ အမှုဆောင်အရာရှိချုပ် ရာထူးကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပြီး လုပ်ငန်းတာဝန်များ ချောမွေ့စွာ လွှဲပြောင်းသွားနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ရိုးမဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင် ဒါရိုက်တာ တစ်ဦးအနေဖြင့် တာဝန်ယူဆောင်ရွက်ရာတွင် Mr. Bosher သည် ဘဏ်၏ မဟာဗျူဟာကျ မိတ်ဖက်အဆက်အသွယ်ကွန်ယက်များတည်ထောင်ရေးအတွက် အာရုံစိုက်လုပ်ဆောင် သွားမည် ဖြစ်သည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ဒါရိုက်တာအဖြစ် တာဝန်ယူ ဆောက်ရွက်ရာတွင် Mr. Bosher အနေဖြင့် ရိုးမကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍရှိ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည် မြင့်မား တိုးတက်ရေးတို့ကို ပဲ့ကိုင်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်


**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm